# Kita မြို့နယ် ယဉ်ကျေးမှုပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒများ
# Reiwa ၇ ခုနှစ် (၂၀၂၅ ခုနှစ်) ပြန်လည်ပြင်ဆင်ချက်
# အခြေခံသဘောထားများနှင့် ရည်မှန်းချက်များ　မြန်မာဘာသာ

## အခြေခံသဘောထားများ

- Kita မြို့နယ်သည် ယဉ်ကျေးမှုပေါင်းစုံ အတူယှဉ်တွဲနေထိုင်မှုကို အလေးထားသောမြို့နယ် ဖြစ်ပါသည်။
- Kita မြို့နယ်တွင် နေထိုင်သူများသည် အချင်းချင်းအပြန်အလှန် အလေးထားကြပါမည်။
- အားလုံးသည် Kita မြို့နယ်၏ အရေးပါသောသူများ ဖြစ်ကြပါသည်။
- မည်သူမဆို Kita မြို့နယ်အသိုက်အဝန်းတွင် ပါဝင်နိုင်သောနေရာတစ်ခုဖြစ်အောင် ဆောင်ရွက်ပါမည်။

## အခြေခံရည်မှန်းချက် ၁ (အပြန်အလှန်ဆက်သွယ်ရေးကိုအလေးထားဆောင်ရွက်ပါမည်)

- သင့်အား ဘာသာစကားမျိုးစုံဖြင့် ဆက်သွယ်ပြောဆိုနိုင်ရန် ဆောင်ရွက်ပါမည်။
- အားလုံးက လွယ်ကူသောဂျပန်ဘာသာဖြင့် ဆက်သွယ်ပြောဆိုနိုင်ရန် ဆောင်ရွက်ပါမည်။
- ဂျပန်ဘာသာအား သင်ယူချင်သူများကို သင်ယူနိုင်စေရန် ဆောင်ရွက်ပါမည်။

## အခြေခံရည်မှန်းချက် ၂ (စိတ်အေးချမ်းစွာ နေထိုင်နိုင်မှုကို အလေးထားဆောင်ရွက်ပါမည်)

- အမျိုးမျိုးသော စကားလုံး၊ ကိရိယာများကိုအသုံးပြု၍ သတင်းအချက်အလက်များကို ပေးပို့ပါမည်။
- အခက်အခဲကြုံလာတဲ့အခါ တိုင်ပင်ဆွေးနွေးနိုင်စေရန် ဆောင်ရွက်ပါမည်။

## အခြေခံရည်မှန်းချက် ၃ (ယဉ်ကျေးမှုပေါင်းစုံကို သိရှိအောင် အလေးထားဆောင်ရွက်ပါမည်)

- မတူညီသောယဉ်ကျေးမှုများကြားက ခြားနားချက်များကို လေ့လာနိုင်သော နေရာတစ်ခုဖြစ်အောင် ဖန်တီးဆောင်ရွက်ပါမည်။
- ယဉ်ကျေးမှုအမျိုးမျိုးမှလူများ အားလုံးနှင့်အတူတကွ စကားပြောဆိုနိုင်သော နေရာတစ်ခုဖြစ်အောင် ဖန်တီးဆောင်ရွက်ပါမည်။

## အခြေခံရည်မှန်းချက် ၄ (လူတိုင်းသက်တောင့်သက်သာနေထိုင်နိုင်သော အသိုက်အဝန်းတစ်ခုဖြစ်အောင် အလေးထားဆောင်ရွက်ပါမည်)

- နေထိုင်ဖွယ်ကောင်းသော အသိုက်အဝန်းတစ်ခု ဖန်တီးရန် လူမျိုးစုံနှင့် လက်တွဲဆောင်ရွက်ပါမည်။
- ဒေသဆိုင်ရာလှုပ်ရှားမှုများတွင် လူတိုင်းပါဝင်နိုင်စေရန် ဆောင်ရွက်ပါမည်။